ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

**ကြေညာချက်အမှတ် ( ၁ /၂၀၁၈)**

၁၃၈၀ ပြည့်နှစ် ၊ ဒုတိယဝါဆိုလဆန်း ၁ ရက်

(၂၀၁၈ ခုနှစ် ၊ ဇူလိုင်လ ၁၃ ရက်)

**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင် ထုတ်ပေးရန် အရည်အချင်းစစ် စာမေးပွဲကျင်းပမည်ဖြစ်ကြောင်း ကြေညာခြင်း**

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် လျှောက်ထားလိုသူများကို အရည်အချင်းစစ် စာမေးပွဲကျင်းပပေးမည်ဖြစ်ရာ အသိအမှတ်ပြု တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူ မည်သူမဆို ဝင်ရောက်ဖြေဆိုခွင့်ရှိပါသည်။ အဆိုပါ အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုအောင်မြင်မှသာ လိုင်စင်ထုတ်ပေးမည်ဖြစ်ပါသည်။

၂။ စာမေးပွဲဖြေဆိုလိုသူများသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်မှအသိအမှတ်ပြုထားသော သင်တန်းကျောင်းများတွင် ဖွင့်လှစ်သင်ကြားသော ငွေချေးသက်သေခံလက်မှတ်အခြေခံသင်တန်းတွင် တက်ရောက်၍ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့် လေ့လာဆည်းပူး၍ဖြစ်စေ စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုနိုင်ပါသည်။

၃။ စာမေးပွဲကို အောက်ဖော်ပြပါ အခြေခံသင်ရိုးညွှန်းတမ်းများအတွင်းမှ စစ်ဆေးသွားမည်ဖြစ်ပြီးအမှတ်(၁၀၀)ဖိုးမေးမြန်းပါမည်။ စာမေးပွဲအောင်မှတ်မှာ (၇၅) မှတ်ဖြစ်ပါသည်-

(က) Financial Market Landscape

(ခ) Quantitative Analysis

(ဂ) Legal Framework

(ဃ) Professional Ethics and Standards

(င) Front Office Operations

၄။ စာမေးပွဲအစီအစဉ် အသေးစိတ်ကို ထပ်မံကြေညာပါမည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(တင်တင်အုန်း၊အတွင်းရေးမှူး)